ပုံစံ(၁၁)

**ခုံသမာဓိကောင်စီ**

**ခုံအဖွဲ့၏ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၂၃(စ) }**

**ခုံအဖွဲ့**

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၉/၂၀၁၇)

| | |
|---|---|
| ဒေါ်ခင်ခင်ကြည် (ပိုင်ရှင်)၊ ဦးသက်အောင် (မန်နေဂျာ၊ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ East Growth အထည်ချုပ်စက်ရုံ၊ အမှတ်(၁၀၆)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်နိုင်နိုင်လွင် (အလုပ်သမား) ကျန်စစ်သားအိမ်ယာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၆ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ် (၁၀၆)ရှိ East Growth အထည်ချုပ်စက်ရုံ ပိုင်ရှင် ဒေါ်ခင်ခင်ကြည်၊ ဦးသက်အောင် (မန်နေဂျာ)နှင့် အလုပ်သမား ဒေါ်နိုင်နိုင်လွင်တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် (၄၇/၂၀၁၇)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ၊ ၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည်တောင်းဆိုသူ အလုပ်သမား ဒေါ်နိုင်နိုင်လွင်မှ တောင်းဆိုခြင်းခံရသူ ဒေါ်ခင်ခင်ကြည် (ပိုင်ရှင်)တွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ အလုပ်ရှင်ဘက်မှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ အယူခံလျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်နိုင်နိုင်လွင်အား အလုပ်ပြန်လည်ခန့်အပ်ရန် သင့်/မသင့် (သို့မဟုတ်) နစ်နာကြေးပေးသင့်/ မပေးသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်နိုင်နိုင်လွင်အား နို့တစ်ကြေး (၁)လစာ ကျပ် ၁၂၂,၃၄၀/-၊ လုပ်သက်(၃)နှစ်ကျော်ရှိသဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေး (၃)လစာ ကျပ် ၃၆၇,၀၂၀/-၊ စုစုပေါင်း ၄၈၉,၃၆၀/-ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၇/၂၀၁၇)၏ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် East Growth အထည်ချုပ်စက်ရုံ ပိုင်ရှင် ဒေါ်ခင်ခင်ကြည်၏ ကိုယ်စား ဦးသက်အောင် (မန်နေဂျာ)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၇)ဖြင့် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ် (၃၉/၂၀၁၇) အား ကြားနာစစ်ဆေးမည့် အစိုးရကိုယ်စားလှယ် ဦးဖေအောင်ဝန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမား ကိုယ်စားလှယ် ဦးဗွေးတို့ပါဝင်သော ခုံအဖွဲ့ ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ ခုံအဖွဲ့မှအမှုတွဲကို လက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေ ခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက် ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်နှင့် သုံးသပ်ချက်များရေးဆွဲပြီး စီရင် ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်နိုင်နိုင်လွင်အား အလုပ်ပြန်လည်ခန့်အပ်ရန် သင့်/ မသင့် (သို့မဟုတ်) နစ်နာကြေးပေးသင့်/မပေးသင့်။

**အငြင်းပွားမှုဖြစ်စဉ်အပေါ်အကြောင်းခြင်းရာတွေ့ရှိချက်**

၆။ ဤအငြင်းပွားမှုတွင် အလုပ်ရှင်/စီမံခန့်ခွဲသူသည် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့မှ ၂၃-၃-၂၀၁၇ ရက်နေ့တွင် အလုပ်သမား ဒေါ်နိုင်နိုင်လွင်အား မူလရာထူး၊ မူလနေရာ၊ မူလ လစာဖြင့် အလုပ်ပြန်လည်ခန့်ထားရန် (အလုပ်ရှင်/စီမံခန့်ခွဲသူ) မန်နေဂျာ ဦးသက်အောင်နှင့် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပြီး၊ အလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားရာ၌ မူလ

နေရာတွင်ခန့်ထားခြင်းမပြုဘဲ လိုင်း(၃)ရှိဘဲဗွေးခန်းတွင် ပြောင်းရွှေနေရာချထားပြီး၊ မလုပ်နိုင်ပါက လုပ်ငန်းခွင်သို့မလာရန်ပြောကြားရာ အလုပ်သမား ဒေါ်နိုင်နိုင်လွင်က မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သွားရောက်တိုင်ကြားခြင်းဖြင့် ဖြစ်ပေါ်လာသော အငြင်းပွားမှုဖြစ်သည်။

**သုံးသပ်ချက်အမှတ် (၁)**

၇။ ဤအငြင်းပွားမှုအပေါ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အောက်ပါအတိုင်းသုံးသပ်တွေ့ရှိရသည်-

(က) မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် နှစ်ဖက်ရေးထိုးချုပ်ဆိုထားသော သဘောတူညီချက်စာချုပ်၏ အပိုဒ် (က) အရ မူလနေရာတွင် အလုပ်ပြန်လည်ခန့်ထားတာဝန်ပေးခြင်းမဟုတ်သဖြင့် အလုပ်ရှင်/စီမံခန့်ခွဲသူဘက်မှ စာချုပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်ရရှိသည်။

(ခ) အလုပ်ရှင်/စီမံခန့်ခွဲသူက အလုပ်သမား ဒေါ်နိုင်နိုင်လွင်သည် ကျန်းမာရေးမကောင်းသဖြင့် ပျက်ကွက်များသူဖြစ်ခြင်းကြောင့် စက်ရုံ၏ကုန်ထုတ်လုပ်မှုပြည့်မီရန် သတ်မှတ်ချက်ကို ထိခိုက်လျက်ရှိကြောင်းတွေ့ရှိရသဖြင့် နှစ်ဖက်နစ်နာမှုမရှိစေရန် ကုစားဆုံးဖြတ်ပေးရန်လိုအပ်ကြောင်း သုံးသပ်ရရှိသည်။

(ဂ) ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက်တွင် အလုပ်ရှင်/စီမံခန့်ခွဲသူက အလုပ်သမား ဒေါ်နိုင်နိုင်လွင်သည် ကျန်းမာရေးမကောင်းခြင်းကြောင့် ပျက်ကွက်မှုများနေခြင်းနှင့် ယင်းသို့ ဒေါ်နိုင်နိုင်လွင်၏ ရက်ပျက်များမှုကြောင့် ၎င်းပျက်ကွက်သည့်နေ့တွင် အခြားဝန်ထမ်းအား လူစားထည့်သွင်း၍ ကုန်ထုတ်လုပ်မှုပြည့်မီစေရန် ဆောင်ရွက်ရကြောင်း၊ ရက်ပျက်များသည့်ဝန်ထမ်းကြောင့် စက်လိုင်းအနေဖြင့် ပေးအပ်သောတာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မှုမရှိဟု သတ်မှတ်ခြင်းခံရသောကြောင့် ဝန်ထမ်းအချင်းချင်း အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ အလုပ်သမား ဒေါ်နိုင်နိုင်လွင်အား ၎င်း၏ကျန်းမာရေးမကောင်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုရေးတို့ကို ထောက်ထား၍ လူမှုကရုဏာကြေးအဖြစ် ကျပ် ၄၈၉,၃၆၀/-အားပေးအပ်လိုကြောင်း ထွက်ဆိုတင်ပြခြင်း၊ အလုပ်သမား ဒေါ်နိုင်နိုင်လွင်ကလည်း မိမိသည် အလုပ်ပြန်လည်ဝင်ရောက်လိုခြင်းမရှိကြောင်း၊ မိမိ၏နစ်နာမှုအတွက် ယင်းသို့ပေးအပ်မည့် လူမှုကရုဏာကြေးငွေကို ကျေနပ်လက်ခံပါမည်ဟု ထွက်ဆိုတင်ပြကြသည်။ ထို့ကြောင့် ဤအငြင်းပွားမှုတွင် နှစ်ဖက်သဘောတူထွက်ဆိုချက်များအရလည်းကောင်း၊ အလုပ်သမား ဒေါ်နိုင်နိုင်လွင်သည် ကျန်းမာရေးအခြေအနေကြောင့် အလုပ်ပျက်ရက်

များခြင်း၊ အလုပ်ပြန်လည်ခန့်ထားပါ က စက်ရုံ၏ကုန်ထုတ်လုပ်မှု သတ်မှတ်ချက်ကို ထိခိုက်နိုင်ခြင်းတို့ကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း သုံးသပ်ရရှိသည်။

၈။ သို့ဖြစ်၍ အထက်တွင်ဖော်ပြထားသည့်တွေ့ရှိချက်၊ သုံးသပ်ချက်၊ နှစ်ဖက်ထွက်ဆိုချက်များကို ထောက်ရှု၍ အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၄၇/၂၀၁၇)အပေါ် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။ အလုပ်ရှင်သည် အလုပ်မှရပ်စဲခံရသည့် အလုပ်သမား ဒေါ်နိုင်နိုင်လွင်အား လျော်ကြေးကာကြေးထောက်ပံ့ငွေအဖြစ် ၄၈၉,၃၆၀/- (ကျပ်လေးသိန်းရှစ်သောင်းကိုးထောင်သုံးရာခြောက်ဆယ်တိတိ) ကို ပေးရန် ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၉။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း(၃၀)ရက်အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးဖေအောင်ဝန် | ဦးရွှေ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |